# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး
# ၅၁ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၉ - ၈ - ၂၀၁၇ ] ( အင်္ဂါနေ့ ) နံနက် ၁၀ နာရီ

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၅၁ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီဖိုးကိန်ကျေးရွာအုပ်စု၊ ထီးကိုင်ကောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် ဆရာ/ဆရာမအင်အား ထပ်မံဖြည့်တင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အာယုတောင်ကျေးရွာအုပ်စု၊ အပလွိုင်ကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသားကျောင်းသူဦးရေ နှစ်စဉ်များပြားလာမှုကြောင့် ကျောင်းစာသင်ဆောင် လိုအပ်မှုရှိနေသည့်အတွက် ပေ (၉၀ × ၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ဗဟိုကချုပ်ကိုင်သော စနစ် (Centralism)ကို ဖြေလျှော့ပြီး မြို့နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်မှာ အတည်ပြု၊ ခရိုင်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို ခရိုင်မှာ အတည်ပြု၊ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူး လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရမှ အတည်ပြုပြီး အခြေခံပညာဦးစီးဌာနမှ သင်ကြားရေး ဝန်ထမ်းများကို ရာထူးတိုး ပြောင်းရွှေ့ခြင်းများ ပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ သင်္ကောကျေးရွာနှင့် ကလွီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့ကို အခြေခံပညာ အထက်တန်းကျောင်းများ အဖြစ် ၂၀၁၈-၂၀၁၉ ပညာရေးနှစ်၌ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ဧရာဝတီတိုင်း ဒေသကြီး၊ ဟင်္သာတမြို့နယ် ဟင်္သာတနည်းပညာတက္ကသိုလ်ကို တက္ကသိုလ် အဆင့်နှင့် လျော်ညီစေရန် ကျောင်းအဝင်မုခ်ဦး တည်ဆောက်ပေးရန်၊ ကျောင်းအဝင်လမ်းကို ကွန်ကရစ်လမ်း ခင်းပေးရန်နှင့် တက္ကသိုလ်ဝင်း ခြံစည်းရိုး အုတ်တံတိုင်း ကာရံပေးရန်အတွက် ယခု ပညာနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ၏ **မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့် ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ် ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော**

**ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB , CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၅၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၅၂ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။